**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (ဇန်နဝါရီလ ၂၀ ရက်၊ ၂၀၂၀)**

**နေရာ။ ။ MNN Office**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ၊ ၃၀မိနစ် အထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၂၃)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၄)ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ၊ မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် ဆွေးနွေးခြင်းများ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ ဒေါ်အေးမာသက် က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

| Discussion Point | Decision/ Action Point |
|---|---|
| <u>Friends of Wildlife</u><br><br>• အဖွဲ့အကြောင်းကို ဦးအောင်သန်းက အသိပေးပြောကြားခဲ့သည်။ ၂၀၀၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး အဓိကအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ တိုင်းနှင့် ပြည်နယ် ၁၄ ခုတို့တွင် ဘေးမဲ့တောများနှင့် ပူးပေါင်းပြီး အသိပညာပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် သင်တန်းများ ပေးခြင်း၊ သုတေသနလုပ်ငန်းများကို လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း ဦးအောင်သန်းက အသိပေးတင်ပြခဲ့သည်။ | |
| <u>ပညာသာလှ</u><br><br>• ရောဝတီတိုင်း၊ သာပေါင်းမြို့နယ်တွင် လက်ရှိလုပ်ဆောင်နေသော မီးရှုးဖလာသားဖွားမှု အထောက်အကူပြုသင်တန်း (Traditional Birth Attendance) ဖွင့်ရန် ပြင်ဆင်နေမှုများကို ကိုဖြိုးလှိုင်ဘွားက အသိပေးမျှဝေခဲ့သည်။ သာပေါင်းမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၆၇ အုပ်စုရှိပြီး ကျေးရွာပေါင်း ၄၀၀ ကျော်ရှိကြောင်း၊ လောလောဆယ်တွင် ကျေးရွာအုပ်စုပေါင်း ၇ ခုရွေးထားကြောင်း၊ ရွာပေါင်း ၂၄ ရွာ ပါဝင်ကြောင်း၊ စီမံချက်အတွက် နေပြည်တော်သို့ စာတင်ရာတွင် မိမိတို့ လုပ်ချင်သည့် စီမံတခုချင်းအလိုက် တင်လို့ ရကြောင်း၊ MoU ထိုးရန် မလိုဘဲ အဆင်ပြေကောင်း အသိပေးမျှဝေခဲ့သည်။ | |
| <u>Innovative Resource Institute</u><br><br>• အဖွဲ့အနေဖြင့် သင်တန်းများပေးခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် OD Workshop များ လုပ်ပေးခြင်းတို့ကို လုပ်ဆောင်နေကြောင်း၊ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်နေကြောင်း၊ 1 traveler, 1 tree campaign ကိုလည်း လုပ်ဆောင်နေကြောင်း၊ ပုဂံဒေသစိမ်းလန်းရေးအတွက် အဓိကလုပ်ဆောင်နေကြောင်း၊ ခရီးသွားများကိုယ်တိုင် စိုက်ပျိုးနိုင်သော အစီအစဉ်ဖြစ်ကြောင်း၊ နိုင်ငံရေးဘောဂဗေဒသင်တန်းများကိုလည်း ပြီးခဲ့သည့်နှစ်အတွင်း ပေးခဲ့ကြောင်း၊ သင်တန်းများနှင့် အဖွဲ့အတွက် OD တို့ ပြုလုပ်လိုပါက ဆက်သွယ်နိုင်ပါကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် ရေလုပ်သားများအပေါ် မြန်မာနိုင်ငံါးလုပ်ငန်းဥပဒေ၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်းတို့ကို ပြုလုပ်နေကြောင်း၊ ရောဝတီတိုင်းတွင် စတင် လုပ်ဆောင်နေကြောင်း ဒေါ်ခင်မမခိုင်က အသိပေးတင်ပြခဲ့သည်။ | |
| <u>ဘဝအလင်းလူမှုကွန်ရက်</u><br><br>• ဥပဒေအထောက်အကူပြုရုံးကို ရွှေပြည်သာတွင် ဖွင့်ဖို့ စီစဉ်နေကြောင်း၊ ပညာရေးမှူးရုံးအနီးတွင် ကာယကံမြောက်အဖွဲ့အတွက် ရုံးနေရာပေးထားကြောင်း၊ ထိုရုံးနေရာတွင် CSO များ လစဉ်ပုံမှန် | |

| | |
|---|---|
| အစည်းအဝေးလည်းရှိကြောင်း၊ တက်ရောက်ရန် ဥပဒေအထောက်အကူပြုရုံးကိုယ်စား ဖိတ်ကြားပါကြောင်း၊ NFPE အောင်သွားသည့်ကျောင်းသားများကို E4Y နှင့် ချိတ်ဆက်ကာ အသက်မွေးဝမ်းကျောင်းပညာစိတ်ဝင်စားသူများ ဆက်တက်ရန် စီစဉ်ပေးနေကြောင်း စသည်ဖြင့် ဒေါ်အေးမာသက်က တင်ပြမျှဝေခဲ့သည်။ | |
| **<u>လောကပါလတရား မြှင့်တင်ရေးအဖွဲ့</u>**<br><br>• တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သော အသိပညာပေးခြင်းများ၊ အထူးသဖြင့် ကလေးသူငယ်၊ အမျိုးသမီးနှင့် သက်ဆိုင်သော အမှုအခင်းများတွင် ကူညီဆောင်ရွက်ပေးနေကြောင်း၊ မကြာသေးမီက အမှုဖြစ်စဉ်အနေဖြင့် ကလေးငယ်တဦးကို မဖွယ်မရာပြုလုပ်သော ကျောင်းဆရာတဦးကို ထိရောက်စွာ အရေးယူနိုင်ရန် ကူညီပေးခြင်း၊ လူကုန်ကူးခံရသော အမျိုးသမီးများကို တန့်ယန်းအထိ လိုက်လံကူညီဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပေးခဲ့ကြောင်း၊ ရှေ့နေ ဦးရောဘတ်စန်းအောင်တို့ ပါဝင်ကြောင်း စသည်ဖြင့် ဒေါ်ခင်သန်းစိုးက အသိပေးမျှဝေခဲ့သည်။ | |
| <u>MIMU Orientation</u><br><br>• MIMU ၏ Orientation Workshop ကို အဖွဲ့အစည်းများ အတွက် ပြုလုပ်ပေးရန် ဆွေးနွေးထားကြောင်း၊ MIMU Website အား အသုံးပြုပုံ၊ MIMU မှ ရရှိနိုင်သော ထုတ်ကုန်များအကြောင်း၊ မိမိတို့ဘက်က ကူညီပေးနိုင်သည်များ၊ MIMU ကို အကြံပေးလိုသည်များ စသည်တို့ကို ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း စီဘီအိုင်မှ ကိုရန်နိုင်ဌေးက အသိပေးတင်ပြခဲ့သည်။ ထို့နောက် အစည်းအဝေးနှင့်တွဲ၍ နေ့လည်ပိုင်းတွင် ပြုလုပ်လျှင် ပိုအဆင်ပြေနိုင်ကြောင်း အကြံပေးချက်အရ MIMU နှင့် ဆက်သွယ်ညှိနှိုင်းပြီး အစည်းအဝေးကျင်းပသည့်နေ့တွင်သာ ပြုလုပ်ရန် ဆွေးနွေးခဲ့ကြသည်။ | |
| <u>Sectors Group of Myanmar NGO Network</u><br><br>• မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် အဆိုပြုထားမှုအခြေအနေများကို ကိုရန်နိုင်ဌေးက ရှင်းပြခဲ့သည်။ ပြီးခဲ့သည့်အစည်းအဝေးတွင် MNN ၌ ပါဝင်မည့် Sector များကို ဆွေးနွေးခဲ့ပြီး Sector Lead များကို အဆိုပြုဆွေးနွေးခဲ့ကြကြောင်း၊ ယခုတပတ်အစည်းအဝေးတွင် Sector အလိုက် ဦးဆောင်တာဝန်ယူနိုင်ရန် အဆိုပြုထားသည့် အဖွဲ့အစည်းအချို့မှာ အကြောင်းမပြန်သေးသည့်အတွက် ယခုအပတ် အစည်းအဝေးတွင် အပြီးသတ် မဆွေးနွေးနိုင်သေးကြောင်း တင်ပြခဲ့သည်။<br><br>• အစည်းအဝေးတက်ရောက်လာသူများက ဆက်လက်ဆွေးနွေးကြပြီး ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အပြီးသတ် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြသည်။ | |
| <u>Waste Management  Services by Recyglo</u><br><br>• Recyglo Myanmar က ၎င်းတို့အဖွဲ့က ဝန်ဆောင်မှုများ၊ စီမံချက်ဖြင့် လုပ်နေသော လုပ်ငန်းများအကြောင်း၊ အသိပညာပေး သင်တန်းများပေးခြင်း စသည်တို့ကို ရှင်းပြခဲ့သည်။ အဖွဲ့သည် ၂၀၁၇ ခုနှစ်က စတင်တည်ထောင်ခဲ့ကြောင်း၊ USAID ထောက်ပံ့ပေးသည် ဒေါ်လာ ၂၅၀၀ ဖြင့် စတင်လုပ်ဆောင်ဖြစ်ခဲ့ကြောင်း၊ အမှိုက်စနစ်တကျသိမ်းဆည်းပုံ၊ Recycle ပြုလုပ်ပုံအဆင့်ဆင့် တို့အတွက် ဝန်ဆောင်မှုပေးခြင်းများ၊ Waste Management Training များ ပေးနေမှုများ စသည်ဖြင့် Power slide များဖြင့် ကိုလှဘုန်းကိုက ရှင်းပြခဲ့သည်။ NGO အဖွဲ့အစည်းများအတွက် Waste Management အတွက် သင်တန်း စီစဉ်ပေးနိုင်ရန် မေးမြန်းရာ Myanmar NGO Network အတွက် အခမဲ့သင်တန်းအတွက် ကူညီပေးမည်ဖြစ်ကြောင်း ပြန်ကြားခဲ့သည်။ ထို့ကြောင့် အဆင်ပြေမည့် နေ့ကို သတ်မှတ်ပြီး | |

| | |
|---|---|
| စီစဉ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ | |

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မြန်မာအန်ဂျီအိုကွန်ရက် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။